**KEY STATEMENTS FOR THE 2020 THANKSGIVING DAY CONFERENCE**

**လူသစ်တစ်ဦးအတွက် ကျွန်ုပ်တို့၏ ရိုးရာယဉ်ကျေးမှုကို
မိမိကိုယ်တော်တိုင်ဖြင့် အစားထိုးသော ခရစ်တော်သည်
အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်သော ခရစ်တော်၊ ပထမနေရာ၌ရှိသောအရှင်၊
ဘုရားသခင့်စီမံကိန်း၏ အလယ်ဗဟိုဆိုင်ရာနှင့် စကြဝဠာဆိုင်ရာဖြစ်သောအရှင် ဖြစ်သည်။**

**ကျွန်ုပ်တို့၌ အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်သောခရစ်တော်၏ ရူပါရုံရှိ၍၊
ကျွန်ုပ်တို့၏အသက်နှင့် ကျွန်ုပ်တို့ဖြစ်ခြင်းတစ်ခုလုံး၏စေ့စပ်ထုံးဖွဲ့မှုအဖြစ် တွေ့ကြုံခံစားပြီး၊
ကျွန်ုပ်တို့၏ရိုးရာယဉ်ကျေးမှုအစား ကိုယ်တော်ကို အသက်ရှင်ခြင်း ရှိသောအခါ၊
လူသစ်တစ်ဦးသည် ကျွန်ုပ်တို့အလယ်တွင် လက်တွေ့ကျသော နည်းလမ်း၌ ထွက်ပေါ်လာကာ
လူသစ်၏အသက်တာကို ကျွန်ုပ်တို့ သိနားလည်လာကြမည်ဖြစ်သည်။**

**ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ရိုးရာယဉ်ကျေးမှုကို အစားထိုးရန်နှင့်
ယေရှုရှလင်မြို့သစ်အမှု သစ်လွင်လာခြင်းအားဖြင့် စစ်မှန်ခြင်း၌ လူသစ်တစ်ဦးဖြစ်လာရန်
ရှင်ပြန်ထမြောက်ခြင်းအသက်၏ သစ်လွင်လန်းဆန်းသော မစခြင်းနှင့်အတူ
အသစ်ပြုပြင်ခံရန် လိုအပ်သည်။**

**ကျွန်ုပ်တို့သည် ယေရှု၌ရှိသော စစ်မှန်ခြင်းအဖြစ် ခရစ်တော်ကို သင်ယူခြင်းအားဖြင့်
ကျွန်ုပ်တို့၏ရိုးရာယဉ်ကျေးမှုအစား လူသစ်တစ်ဦး၏အသက်ကို အသက်ရှင်ရန် လိုအပ်သည်။
မြေကြီးပေါ် သခင်ယေရှုအသက်ရှင်ခဲ့သော နည်းလမ်းမှာ
ယနေ့ လူသစ်တစ်ဦးက အသက်ရှင်ရမည့် နည်းလမ်းပင်ဖြစ်သည်။**

*© 2020 Living Stream Ministry*

**Outline of the Messages**
**for the Thanksgiving Conference**
**November 26-29, 2020**

**GENERAL SUBJECT:**
**အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်သော ခရစ်တော်သည်**
**လူသစ်တစ်ဦးအတွက် ရိုးရာယဉ်ကျေးမှုကို အစားထိုးခြင်း**

Message One

## ကျွန်ုပ်တို့၏ ရိုးရာယဉ်ကျေးမှုကို အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်သော ခရစ်တော်အားဖြင့် အစားထိုးရန် အရေးတကြီး လိုအပ်ခြင်း

ဖတ်ရန်ကျမ်း။ ။ ကော၊ ၁း၁၂-၁၃၊ ၁၅-၁၈၊ ၂၇။ ၂း၈၊ ၁၄-၁၅။ ၃း၄၊ ၁၀-၁၁

**I. ကောလောသဲစာစောင်ကို ရေးသားခဲ့ခြင်းမှာ ကောလောသဲမြို့၌ရှိသော အသင်းတော်သည် ရိုးရာယဉ်ကျေးမှုဖြင့် ပြည့်နှက်ခြင်းရှိလာခဲ့ပြီး၊ သန့်ရှင်းသူများသည် ရိုးရာယဉ်ကျေးမှုအားဖြင့် ခရစ်တော်ထံမှ အာရုံပြောင်းသွားခဲ့ကြသောကြောင့်ဖြစ်သည် - ၂း၈၊ ၁၆-၁၇။ ၃း၁၀-၁၁။**

A. ကောလောသဲမြို့၌ ရိုးရာယဉ်ကျေးမှုသည် အသင်းတော်ကို လွှမ်းမိုးသွားခဲ့ပြီး၊ ခရစ်တော်ကို အစားထိုးကာ၊ သန့်ရှင်းသူများကို လက်ရဉ့စ္စာများအဖြစ် သိမ်းသွားခဲ့သည် - ၂း၈။

B. ဘုရားသခင်၏ရန်သူက ခရစ်တော်ကို အစားထိုးရန် ရိုးရာယဉ်ကျေးမှုကို အသုံးပြုနေသည်။ သူသည် ခရစ်တော်ကို အစားထိုးရန် ရိုးရာယဉ်ကျေးမှု၏ ကောင်းသောသွင်ပြင်များကို အသုံးပြုရန် ကြိုးစားလိမ့်မည်ဖြစ်သည် - ညွှန်း၊ ဖိ၊ ၃း၄-၈။

C. ကောလောသဲစာစောင်အရ ခရစ်တော်သည် ရိုးရာယဉ်ကျေးမှုအားဖြင့် အစားထိုးခံရသည်။ ကောလောသဲစာစောင်က ခရစ်တော်ကို အဆုံးစွန်အစားထိုးသည့်အရာမှာ ကျွန်ုပ်တို့၏ရိုးရာယဉ်ကျေးမှုဖြစ်ကြောင်း ညွှန်ပြထားသည်။

D. ကောလောသဲစာစောင်ရှိ *မှောင်မိုက်အခွင့်အာဏာ* ဟူသည်မှာ ရိုးရာယဉ်ကျေးမှုနှင့် ကျွန်ုပ်တို့ဇာတိဖြစ်ခြင်း၏ ကောင်းသောသွင်ပြင်များကို အထူးသဖြင့် ရည်ညွှန်းထားသည် - ၁း၁၂-၁၃။

1. ကောလောသဲမြို့မှ သန့်ရှင်းသူများသည် ရိုးရာယဉ်ကျေးမှု၏ အမြင့်မားဆုံးသွင်ပြင်များကို အသင်းတော်သို့ ကျူးကျော်ဝင်ရောက်ခွင့်ပြုခြင်းအားဖြင့် မှောင်မိုက်အခွင့်အာဏာအောက်တွင် ရောက်ရှိလာကြသည် - ၂း၈။
2. ရိုးရာယဉ်ကျေးမှု၏ အမြင့်မားဆုံး ထုတ်လုပ်မှုများမှာ စာတန်က လူများကို ထိန်းချုပ်ရန်အသုံးပြုသည့် မှောင်မိုက်အခွင့်အာဏာ၏ သွင်ပြင်များပင် ဖြစ်ပေသည် - ၁း၁၃။
3. ခရစ်တော်ကို အစားထိုးသည့်အရာမှန်သမျှသည် ကျွန်ုပ်တို့ကို ထိန်းချုပ်ခြင်းပြုသည့် မှောင်မိုက်၏ အခွင့်အာဏာဖြစ်လာသည် - အငယ်၊ ၁၃။

**II. လူသားရိုးရာယဉ်ကျေးမှုသည် လူ၏ကျဆင်းခြင်းပြီးနောက် နိုးထထွက်ပေါ်လာခဲ့သည် - က၊ ၄း၁၆-၂၂။**

A. ဘုရားသခင်၏ မျက်မှောက်တော်ကို စွန့်ခွာပြီးနောက် ကာဣနသည် မိမိ၏ကွယ်ကာရာနှင့် မိမိ၏ဖြစ်တည်မှုအတွက် မြို့ကို တည်ခဲ့လေသည် - အငယ်၊ ၁၆-၁၇။

1. ဤမြို့အတွင်း၌ ဘုရားသခင် မပါရှိသော ရိုးရာယဉ်ကျေးမှု၊ ဘုရားမဲ့ယဉ်ကျေးမှုကို ထုတ်လုပ်ခဲ့သည်။
2. ဥယျာဉ်၌ ဘုရားသခင်သည် လူအဖို့ အရာခပ်သိမ်းဖြစ်တော်မူသည်၊ သူ၏ကွယ်ကာရာ၊ ဖြစ်တည်ရာ၊ မစရာ၊ ဖျော်ဖြေရာ ဖြစ်ခဲ့သည်၊ လူသည် ဘုရားသခင်ကို ဆုံးရှုံးသွားသောအခါ၊ သူသည် အရာခပ်သိမ်း ဆုံးရှုံးခဲ့ရသည်။

3. လူက ဘုရားသခင်ကို ဆုံးရှုံးခြင်းသည် လူအား လူသားယဉ်ကျေးမှုကို တီထွင်ရန် ဖိအားပေးခဲ့သည်၊ ၎င်း၏ အဓိကလက္ခဏာများမှာ ဖြစ်တည်မှုအတွက် မြို့များ၊ အသက်ရှင်သန်မှုအတွက် သိုးနွားတိရစ္ဆာန်မွေးမြူခြင်း၊ မွေ့လျော်ဝမ်းမြောက်မှုအတွက် တေးဂီတနှင့် တိုက်ခိုက်ခြင်းအတွက် လက်နက်များဖြစ်ကြသည်-အငယ်၊၂၀-၂၂။

B. အပြင်ပန်းအနေဖြင့် ဘုရားသခင်မပါရှိသော ရိုးရာယဉ်ကျေးမှုသည် ဘုရားသခင်၏နည်းလမ်းအတိုင်း သွားရန် ငြင်းဆန်သော၊ ထိုသို့ဖြင့် ဘုရားသခင်ကို ဆုံးရှုံးခဲ့ရသော လူအားဖြင့် တီထွင်ထားသည်ဟု ထင်ရသည်၊ အမှန်မှာ ရိုးရာယဉ်ကျေးမှု၏ ပင်ကိုမူလအကြောင်းရင်းမှာ ဘုရားသခင်ထံမှ သွေဖည်သွားခဲ့သည့် လူ့အတွင်းတွင် ဘုရားသခင်၏ ရန်သူဖြစ်သည့် စာတန်၏ သွေးထိုးလှုံ့ဆော်မှု၊ နှိုးဆွမှုဖြစ်သည် - အငယ်၊၇၊ ၁၆-၁၇။ မ၊၁၂း၂၆။

1. ဘုရားသခင် မပါရှိသော၊ စာတန်နှင့် ပေါင်းစည်းနေသော ထိုသို့သော ရိုးရာယဉ်ကျေးမှုသည် ခေတ်ကာလတစ်လျှောက်ရှိ လူသားရိုးရာယဉ်ကျေးမှုများအားလုံးကို ကိုယ်စားပြုသည့် စံပုံစံဖြစ်လာကာ၊ ဤရိုးရာယဉ်ကျေးမှုများသည် ဘုရားသခင် မပါရှိကြောင်း၊ စာတန်နောက်လိုက်နေခြင်း ဖြစ်ကြောင်း၊ စာတန်နှင့် ပေါင်းစည်းနေကြောင်း ညွှန်ပြနေသည် - ညွှန်း၊ လု၊၄း၆ မှတ်စု ၁။

2. ဘုရားမဲ့သော ရိုးရာယဉ်ကျေးမှုသည် ကမ္ဘာဦး၊၄ တွင် မျိုးစေ့အဖြစ် အစပြုခဲ့ပြီး၊ လူသားမျိုးနွယ်၏ သမိုင်းကြောင်းတစ်လျှောက် တိုးတက်လာကာ၊ ဗျာဒိတ်၊၁၈ ရှိ ဗာဗုလုန်မြို့ကြီးတွင် ပြီးမြောက်ပြည့်စုံလာလိမ့်မည် ဖြစ်သည်။

3. မဿဲ၊၂၄း၃၇-၃၉ ရှိ သခင်ဘုရား၏ စကားတော်က နောအေချိန်ကရှိခဲ့သည့် ဘုရားမဲ့သော ရိုးရာယဉ်ကျေးမှုသည် သခင်ဘုရားပြန်ကြွလာခြင်းကာလတွင် အဆုံးစွန်အထိ တိုးတက်လာမည်ဖြစ်ကြောင်း ညွှန်ပြနေသည်။

## III. ရိုးရာယဉ်ကျေးမှုသည် ခရစ်တော်နှင့်အသင်းတော်နှင့်စပ်လျဉ်း၍ ဘုရားသခင်၏အကြံအစည်တော်အဖို့ နှောင့်ယှက်မှုဖြစ်သည် - ဧ၊၃း၁၀-၁၁။ ၅း၃၂။

A. လွန်စွာ လိမ္မာပါးနပ်သည့်တစ်စုံတစ်ရာသည် ခရစ်တော်နှင့် အသင်းတော်၏လမ်း၌ ရပ်နေသည်။ ဤလိမ္မာပါးနပ်သော ဆန့်ကျင်သည့်ဒြပ်သဘာဝမှာ ရိုးရာယဉ်ကျေးမှုဖြစ်သည် - ကော၊၃း၁၀-၁၁။ ဧ၊၂း၁၄-၁၅။ ကော၊၂း၁၄-၁၅။

B. ရိုးရာယဉ်ကျေးမှုသည် ခရစ်တော်ကို တွေ့ကြုံခံစားခြင်းအဖို့ အကြီးမားဆုံး နှောင့်ယှက်မှုဖြစ်သည်။ ကျွန်ုပ်တို့သည် မရည်ရွယ်မိဘဲ၊ မသိလိုက်မိဘဲ ခရစ်တော်ကို တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းမှ ရိုးရာယဉ်ကျေးမှုအားဖြင့် နှောင့်ယှက်ခံရကြသည် - ဖိ၊၃း၇-၈။

C. ခရစ်တော်အထဲသို့ အရာအားလုံး၌ ကျွန်ုပ်တို့၏ကြီးထွားခြင်းနှင့် ကြီးရင့်သောလူအဖြစ်သို့ ရောက်ရှိခြင်းသည် ကျွန်ုပ်တို့၏ လိမ္မာပါးနပ်သော၊ ဝှက်ထားသော ရိုးရာယဉ်ကျေးမှုအားဖြင့် တားဆီးခံနေရသည် - ကော၊၂း၁၉။ ဧ၊၄း၁၃၊ ၁၅-၁၆။

## IV. လူသားရိုးရာယဉ်ကျေးမှုသည် ဘုရားသခင်၏နိုင်ငံတော်နှင့် ဆန့်ကျင်ကာ ရပ်တည်နေသည် - မ၊၁၀း၁၆-၂၅၊ ၃၄-၃၉။ ၁၂း၂၉၊ ၄၆-၅၀။

A. အပြစ်ပြည့်ဝသောအရာများသည် လူသားယဉ်ကျေးမှုလောက် ဘုရားသခင်၏နိုင်ငံတော်ကို ဆန့်ကျင်ခြင်းမရှိပေ။

B. လူသားယဉ်ကျေးမှုသည် စာတန်နိုင်ငံ၏ အခြေခံအပိုင်းနှင့် ကြီးစွာသောဝေစုဖြစ်လာခဲ့သည် - အငယ်၊၂၆။

C. ရိုးရာယဉ်ကျေးမှုသည် စာတန်၏ခံတပ်ဖြစ်လာခဲ့သည်။ လိမ္မာပါးနပ်သည့်နည်းလမ်း၌ သူသည် ရိုးရာယဉ်ကျေးမှုကို ကိုင်စွဲထားကာ ဘုရားသခင်၏နိုင်ငံတော်ကို ဆန့်ကျင်ရန် ၎င်းကို အသုံးချနေသည် - တ၊၂၆း၁၈။ ကော၊၁း၁၂-၁၃။

## V. အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်သော အရှင်ဖြစ်သည့် ခရစ်တော်သည် ရိုးရာယဉ်ကျေးမှုနှင့် ဆန့်ကျင်ဘက်ဖြစ်ကာ၊ ကျွန်ုပ်တို့၏ရိုးရာယဉ်ကျေးမှုကို မိမိကိုယ်တော်တိုင်ဖြင့် အစားထိုးခြင်းရှိရမည်ဖြစ်သည် - အငယ်၊၁၈။ ၃း၄၊ ၁၀-၁၁။

A. ကောလောသဲစာစောင်ရှိ ခရစ်တော်၏ကျယ်ပြန့်သော ဖွင့်ပြခြင်း၏ ရည်ရွယ်ချက်မှာ ရိုးရာယဉ်ကျေးမှုကို ဆက်ဆံဖြေရှင်းရန်ဖြစ်သည် - ၂း၈။

B. ဤစာစောင်၌ ပေါ်လုသည် အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်သော ခရစ်တော်၏ ရူပါရုံကို တင်ဆက်ခြင်းမှာ ဤခရစ်တော်သည် ကျွန်ုပ်တို့၏ရိုးရာယဉ်ကျေးမှုကို အစားထိုးရမည်ဖြစ်သည်ဟူသော အချက်ဖြင့် ကျွန်ုပ်တို့ကို စွဲမှတ်ထားခြင်းရှိစေရန် ဖြစ်သည် - ၁း၂၇။

**VI. ရိုးရာယဉ်ကျေးမှုကို အစားထိုးသော ခရစ်တော်သည် အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်သောခရစ်တော်၊ ပထမနေရာရှိသောအရှင်၊ ဘုရားသခင့်စီမံကိန်း၏ အလယ်ဗဟိုဆိုင်ရာနှင့် စကြဝဠာဆိုင်ရာဖြစ်သောအရှင် ဖြစ်သည် - အငယ်၊၁၅-၁၈။ ၂း၁၆-၁၇။ ၃း၄၊ ၁၀-၁၁။**

A. ကျွန်ုပ်တို့၏ရိုးရာယဉ်ကျေးမှုကို အစားထိုးကာ၊ ကျွန်ုပ်တို့အဖို့ အရာခပ်သိမ်းဖြစ်လာသော ခရစ်တော်သည် အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်သော ခရစ်တော်ဖြစ်သည် - ၁း၁၅၊ ၁၈။

B. ကောလောသဲစာစောင်သည် ကျွန်ုပ်တို့၏ ရိုးရာယဉ်ကျေးမှုကို ဆက်ဆံဖြေရှင်းသော၊ ကျွန်ုပ်တို့၏ရိုးရာယဉ်ကျေးမှုကို မိမိကိုယ်တော်တိုင်ဖြင့် အစားထိုးသော အရာအားလုံးပါဝင်သည့်၊ ကျယ်ပြန့်သည့် ခရစ်တော်ကို ဖွင့်ပြရန်အလို့ငှာ ရေးသားထားခြင်းဖြစ်သည် - ၃း၄၊ ၁၀-၁၁။

C. ကိုယ်တော်၏ကယ်တင်ခြင်း၌ ဘုရားသခင်သည် ကျွန်ုပ်တို့ကို အပြစ်၊ တရားစီရင်ခြင်း၊ ငရဲမီးအိုင်၊ လောကနှင့်အတ္တမှ ကယ်တင်ရုံမျှသာမဟုတ်ပါ။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ရိုးရာယဉ်ကျေးမှုအပါအဝင် ခရစ်တော်ကို အစားထိုးသည့်အရာမှန်သမျှမှလည်း ကျွန်ုပ်တို့ကို ကယ်တင်တော်မူခဲ့သည် - ဟေဗြဲ၊၇း၂၅။

D. အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်သော ခရစ်တော်သည် ကျွန်ုပ်တို့၌ရှိကာ၊ ကျွန်ုပ်တို့သည် ကိုယ်တော်အား ကျွန်ုပ်တို့ဖြစ်ခြင်းတစ်ခုလုံးသို့ ဖြည့်ပေးရန်၊ ကျွန်ုပ်တို့၏ရိုးရာယဉ်ကျေးမှုကို မိမိကိုယ်တော်တိုင်ဖြင့် အစားထိုးခြင်းရှိရန် အခွင့်ပေးဖို့ လိုအပ်သည် - ဧ၊၃း၁၇က။ ကော၊၁း၂၇။ ၃း၁၁။

© 2020 Living Stream Ministry